KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

အောက်တိုဘာလ ၅ရက်, ၂၀၁၆/KHRG စာအမှတ်-16-5-NB1

---

# သံတောင်ကြီး မြို့နယ်၊ တောင်ငူခရိုင်မှ ဖြစ်ပွားခဲ့သော ရွာသားနှစ်ဦးမှ စီးနင်းလာသော ဆိုင်ကယ်နှင့် တပ်မတော်ကားတိုက်မှု မေလ ၂၀၁၆ ခုနှစ်

---

ဤသတင်းအကျဉ်းချုပ်တွင် သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်မှ မေလ ၃ ရက်နေ့၊ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တပ်မတော်စစ်ကားနှင့် ရွာသားတစ်ဦး၏ စီးနင်းလာသော ဆိုင်ကယ် ် တိုက်မှုဖြစ်ရပ်ကိုဖော်ပြထားပါသည်။ ရွာသားနှစ်ဦးဆိုင်ကယ်စီးနင်းလာစဉ် ယာဉ်တိုကမှု ဖြစ်ပွားခဲ့ပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ပါသည်။ ယာျဉ်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်မှ ယာဉ်မောင်းသူမှာ အဆိုပါ ဆိုင်ကယ်စီးနင်းလာသော ရွာသားနှစ်ဦးအား ဂရုမှုမပြုဘဲ ကားကိုဆက်လက်မောင်းနှင် ခဲ့ပါသည်။ ထိုကြောင့် မျက်မြင်တွေ့ရှိသူ အနီးနားရှိ ရွာသားများသည် အဆိုပါ ယာဉ်တိုက်မှုအတွက် တပ်မတော်ခြေမြန်တပ်ရင်း (ခမရ)အမှတ် ၁၂၄ မှတာဝန်ရှိကြောင်းယူဆခဲ့ပြီး ၎င်းဖြစ်ရပ်အား သက်ဆိုင်ရာရဲထံတိုင်ကြားခဲ့ပြီး ရဲများနှင့်အတူတကွ (ထပရ) ထောက်ပို့အမှတ် ၉၃၀ သို့ စုံစမ်းစစ်ဆေး ရန် ယာဉ်တိုက်မှု ဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ကြပါသည်။ စုံစမ်းစစ်ဆေးမှုအပြီး ရဲများမှဖြစ်ပွားမှုနှင့်ပတ်သက်၍သိရှိပြီးနောက်တွင် တပ်မတော်စစ်ကားမောင်းလာသည့် တပ်သားကိုရဲသည် ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ ဤသတင်းကိုရေးသားပြုစုချိန်တွင် ရဲများမှာ စုံစမ်းစစ်ဆေးရေးပြုလုပ်လျှက်ရှိပြီး ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးလွှတ်မြောက်နေဆဲဖြစ်ပါ သည်။[1]

---

၂၀၁၆ ခုနှစ် မေလ ၃ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် တပ်မတော် အရာရှိဝန်ထမ်းအဆောင်နှင့် မနီးမဝေး ကိုက် ၁၀၀ အကွာတွင် ရှိသောနေရာတစ်ခုတွင် ခြေမြန်တပ်ရင်းအမှတ်

---

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောင်ငူခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

၁၂၄ မှ စစ်ကားများ ရိက္ခာသယ်ယူပို့ဆောင်နေစဉ် ရွာသားနှစ်ဦးစီးနင်းလာသော ဆိုင်ကယ်တစ်စီးနှင့် တိုက်မိခဲ့ပြီး ရွာသားနှစ်ဦးမှာ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီးဝေ သေဆုံးခဲ့ပါသည်။

ခြေမြန်တပ်ရင်းအမှတ် ၁၂၄ သည် လစဉ်ရိက္ခာပို့ဆောင်နေကျအတိုင်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (တပခ) မှ သံတောင်ကြီးမြို့ရှိ ၎င်းတို့၏ အရှေ့တန်းတပ်သားများထံသို့ ၂၀၁၆ ခုနှစ် မေလ ၃ ရက်နေ့တွင် ရိက္ခာသယ်ပို့ခဲ့ပါသည်။ ရိက္ခာများကို စစ်ကား ၁၂စီးဖြင့် သယ်ယူပို့ဆောင်ခဲ့ပါသည်။ ရွာသားစီးနင်းလာ သော ဆိုင်ကယ်အား တိုင်မိသည့် ယာဉ်မှာ ရှေ့မှမောင်းနင်သွားသောကားပင် ဖြစ်ပါသည်။ ကားတိုက်ခံခဲ့ရသော ရွာသားနှစ်ဦးမှာ အသက် ၂၂ နှစ်အရွာယ်ရှိသော စောမော်ဂေနှင့် အသက် ၄၇ နှစ်အရွယ်ရှိသော သူ၏မိခင် နော်သားရူး တို့ဖြစ်ကြပါသည်။ အဆိုပါ ရွာသားနှစ်ဦးသည်လဲမဲကြီးကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်မှ ရွာသားများဖြစ်ကြပါသည်။ ရွာသားနှစ်ဦးကို တိုက်မိခဲ့သော ယာဉ်၏ မှုပိုင်နံပါတ်မှာ ၈၁၅၇ (ဗ) Ding Feng ယာဉ်အမျိုးအစား ဖြစ်ပြီး ယာဉ်မောင်းသူ တပ်သား၏ ကိုယ်ပိုင်အမှတ်မှာ တ/၄၀၉၁၆၆ ဖြစ်ပါသည်။ ရွာသားနှစ်ဦးမှာ ယာဉ်တိုက်မှုဖြစ်ပွာ်းအပြီး တွင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပါသည်။ တပ်မတော် စစ်ကားများမှာ ၎င်းတို့အား လိုအပ်သည့် အကူအညီ တစ်စုံတစ်ရာ လုပ်ပေးခြင်းပင် မရှိခဲ့ပါ။ တပ်မတော်စစ်သားများမှာ ယာဉ်တိုက်ခံရပြီး သေဆုံးသွားသော အဆိုပါ ရွာသားနှစ်ဦး၏ ရုပ်လောင်းများအား ဏာသာလျှင် ဆင်းကြည့်ခဲ့ပြီး စစ်တပ်စခန်းသို့ ပြန်မောင်းသွားခဲ့ကြပါသည်။

လမ်းပေါ်တွင် သွားလာနေသော ဒေသခံများနှင့် အနီးအနားတွင်ရှိသော ဒေသခံများက သေဆုံးသူ ရုပ်အလောင်းများအား တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သံတောင်ကြီး ဒေသတွင်းရှိ ခရစ်ယာန် ဆရာတော်တစ်ပါး ထံသို့ တိုင်ကြားခဲ့သဖြင့် အဆိုပါဆရာတော်မှ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်မေးမြန်းခဲ့ပြီး ဖြစ်ပွားမှုအား သံတောင်ကြီးရဲစခန်းသို့ တင်ပြခဲ့ပါသည်။

ဒေသခံရွာသားများ ဖော်ပြချက်အရ လမ်းပေါ်တွင် အရပ်သားများ ကားဖြင့်သွားလာနေသော်လည်း ၎င်းအရပ်သားများ ၏ ကားများမှာ ယာျဉ်တိုက်မှု ဖြစ်ပွားခြင်းမရှိခဲ့ပါ။ တောင်ပိုင်တိုင်းစစ်ဌာနချုပ်မှ အခင်းဖြစ်ပွားခဲ့သည့်နေ့တွင် ရိက္ခာသယ်ယူပို့ဆောင်ခဲ့သောကြောင့် ရွာသားများမှ ထောက်ပို့အမှတ် ၉၃၀ အား မသင်္ကာသောကြောင့် စစ်ကားများ ရပ်ထားရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဖြစ်ပွားမှုမှာ မှန်ကန်သော်လည်း ကနဦး၌ (ထောက်ပို့အမှတ် ၉၃၀) မှငြင်းဆန်ခဲ့ပြီးနောက် ရွာသားများနှင့် ရဲများသည် တပ်မတော် စစ်ကားတစ်စီးချင်းစီကို စစ်ဆေးပြီးနောက် သွေးများနှင့် စိုင်ကယ်ဒူးကာစများကို တပ်သားကိုရဲ မောင်းနင်လာသော ကား၏ ဘီးတွင်တွေ့ရှိခဲ့ပါသည်။ ထို့နောက် အခြားသော စစ်ကားမောင်း သော စစ်သားများမှလည်း ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဝန်ခံခဲ့ပြီး ယာဉ်မောင်းသူ စစ်သား ကိုရဲမှာ ထောက်ပို့ အမှတ် ၉၃၀ သို့ ပြန်ရောက်ရောက်ခြင်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း ပြောခဲ့ပါသည်။ ကိုရဲအပါအဝင် ထောက်ပို့အမှတ် ၉၃၀ မှ အခြားသော တပ်မတော် အရာရှိများ သည် အဆိုပါသေဆုံးသူ ရုပ်အလောင်းများအား ပြန်လှည့် ကြည့်ရှုခြင်း မပြုခဲ့ပါ။ ရွာသားများမှ အဆိုပါရုပ်အလောင်းများအား သံတောင်ကြီးမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းထဲတွင် ထားရှိခဲ့ပြီး ၎င်းဘုရာကျောင်းရှိ အသင်းဝင်များမှ ရုပ်အလောင်းများကို မီးရှို့သင်္ဂြိုဟ်ခြင်း အပါအဝင် အစစအရာရာ လိုအပ်သလို တာဝန် ယူလုပ် ဆောင်ပေးခဲ့ပါသည်။ ခရစ်ယာန်ဘုန်းတော်ကြီးမှလည်း တပ်သားကိုရဲအား အရေးယူရန်အတွက် တရားရုံးသို့ ပို့ဆောင်ရန် ကြိုးပမ်းခဲ့ပါသေးသည်။ သို့သော် စစ်ကားမောင်းသူ တပ်သားကိုရဲမှာ ယာဉ်တိုက်မှုအပြီးတွင် ထွက်ပြေတိမ်းရှောင်ခဲ့ပါသည်။ သို့သော် ဒေသခံများ၏ တင် ပြချက်အရ ခရစ်ယာန်ဘုန်းတော်ကြီးမှဆိုသည်မှာ လက်ရှိအချိန်တွင် ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးလွှတ်မြောက်နေဆဲဖြစ်ပြီး တပ်မတော်မှ သက်ဆိုင်ရာ အရာရှိ ခေါင်းဆောင်များလည်း အဆိုပါစစ်သားသည် ဘယ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့သည်ကို မသိရှိခဲ့ပါ။



*အထက်ပါပုံမှာ ၂၀၁၆ ခုနှစ် မေလ ၃ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံအဖွဲ့တစ်ဦးမှ ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ပုံမှာ ၂၀၁၆ ခုနှစ် မေလ ၃ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရွှေတန်းသို့ လစဉ် ရိပ်ကျွာ သယ်ပို့ပေးခဲ့သော ခြေမြန်တပ်ရင်း အမှတ် ၁၂၄၏ စစ်ကားတစ်စီးနှင့် ရွာသားနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်တစ်စီး လမ်းပေါ်တွင်တိုက်မိခဲ့ပြီး ကျန်ရှိနေ ခဲ့သော သေဆုံးသူ ရုပ်အလောင်းများအား တွေ့မြင်ရမည်ဖြစ် ပါသည်။*
*(ပုံ KHRG)*